Vol.2 (14), July 2022



# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin)

Market Information System

စိုက်ပျိုးရေးဦးစီးဌာန

**တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက်ဖြစ်စေရန် စိတ်ချအားထားဈေးနှုန်းများ တောင်သူများအားဖြန့်ဝေသွား**

31st July, 2022

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈ )

| ပါဝင်သောအကြောင်းအရာများ | စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ |
|---|---|


❖ **လယ်ယာ/သားငါးထွက်ကုန်များနှင့် သွင်းအားစုများ ဈေးကွက်အခြေအနေ**

- ➢ နံ့စားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး
- ➢ ဆန်နှင့်စားသုံးဆီဈေးနှုန်းများ
- ➢ သွင်းအားစုဈေးနှုန်းများ
- ➢ ပဲမျိုးစုံတင်ပို့မှုအခြေအနေ


## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းစပါးနှင့် မနောသုခစပါးများ ဈေးနှုန်းအနည်းငယ်တက်လျက်ရှိ
- ❖ ဆီထွက်သီးနှံများဖြစ်သည့်မြေပဲနှင့်နေကြာဈေးနှုန်းများ မြင့်တက်ပြီးနှမ်းနက်ဈေးအနည်းငယ်တည်ငြိမ်လျက်ရှိ
- ❖ မတ်ပဲ၊ ပဲပုပ်၊ ပဲစဉ်းငုံ၊ ပဲတီစိမ်းနှင့် ကုလားပဲစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများအခြေအနေ
- ❖ ဝါ(ချည်မျှင်ရှည်)တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံတစ်တန်ဈေးနှုန်းအခြေအနေ
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းအခြေအနေ
- ❖ ကြက်သွန်နီဈေး မြင့်တက်ပြီး ဈေးကွက်အများစုတွင် ကြက်သွန်ဖြူဈေးနှုန်း အနည်းငယ်ကျ
- ❖ ငရုတ်အစိုဈေးနှုန်း ထူးခြားစွာ မြင့်တက်ခဲ့ပြီး ငရုတ်အခြောက်ဈေးနှုန်းအနည်းငယ်မြင့်တက်
- ❖ ခရမ်းချဉ်ဈေးနှုန်း ဈေးကွက်အချို့တွင် တည်ငြိမ်နေပြီး ဈေးကွက်အများစုတွင်ဈေးနှုန်းမြင့်တက်လျက်ရှိ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းအခြေအနေ

စာမျက်နှာ ၂ မှ ၄

- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ
- ♣ မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

စာမျက်နှာ ၈ မှ ၈


## ပြည်တွင်းပြည်ပလယ်ယာသတင်းများ


- ❖ ပထမသုံးလပတ်အတွင်း မြန်မာ့အိမ်နီးချင်းနိုင်ငံများအကြား ထိုင်းနိုင်ငံသည် ကုန်သွယ်ဖက်အမြင့်ဆုံးနိုင်ငံအဖြစ်တည်ရှိနေခြင်း
- ❖ ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံသို့ အလားအလာရှိသော စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့မှုတိုးမြင့်
- ❖ ကြက်သွန်နီဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်း
- ❖ မြန်မာ့ကော်ဖီစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅,၀၀၀) ရရှိ
- ❖ အိန္ဒိယဝါတင်သွင်းမှု မြင့်တက်လာစေရန် အစိုးရမှ အခွန်လွတ်တင်သွင်းမှုသတ်မှတ်ရက်ကိုထပ်မံတိုးမြှင့်လိုက်ခြင်း
- ❖ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများကြောင့် ရော်ဘာဈေးကွက် ကျဆင်းလျက်ရှိခြင်း
- ❖ ထိုင်းနိုင်ငံမှ အနံ့မပြင်းသော ဒူးရင်းသီးအမျိုးအစားသစ်ကိုမိတ်ဆက်လာ ခြင်း
- ❖ ဗီယက်နမ်နိုင်ငံမှ လတ်ဆတ်သော လိုင်ချီးသီးများကို Quang Ninh ပြည်နယ်ရှိ Mong Cai ဆိပ်ကမ်းမှ တရုတ်နိုင်ငံသို့ ပထမအကြိမ် တင်ပို့ခဲ့ခြင်း
- ❖ ယူကရိန်းနှင့် ရုရှားတို့မှနံ့စားသီးနှံတင်ပို့မှု ပြန်လည်စတင်ရန် သဘောတူလိုက်ခြင်း

စာမျက်နှာ ၅ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နှံစားသီးနှံ





### ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာပျမ်းမျှတစ်တင်းလျှင်(၁၃၆၀၀)ကျပ်ရှိနေပြီး တစ်တင်းဈေးနှုန်း (၁၆၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ ဇူလိုင်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ကရင်နှင့် ရန်ကုန်ဈေးကွက်များ၌ တစ်တင်းလျှင် ၅၀၀ မှ ၁၀၀၀ ကျပ် (၅.၀% မှ ၆.၇%) ဈေးနှုန်းအနည်းငယ် မြင့်တက်လာပြီး မွန်နှင့် ရခိုင်ဈေးကွက်များတွင် တစ်တင်းလျှင် ၇၀၀ကျပ်မှ၂၀၀၀ကျပ်(၄.၆% မှ ၁၅.၃%)ခန့်ကျဆင်းခဲ့ပါသည်။ ကျန်သောဈေးကွက်အများစု၌ အတက်အကျမရှိဘဲ တည်ငြိမ်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။
- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း မနောသုခစပါး ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ(၉၂၀၈)ကျပ်ရှိနေပြီး တစ်တင်းလျှင်(၁၁၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ဖြစ်နေပါသည်။ ဇူလိုင်လပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက တနင်္သာရီဈေးကွက်တစ်ခုတွင်သာတစ်တင်းလျှင်၈၀၀ကျပ်(၈.၂%)ဈေးအနည်းငယ် လျော့ကျခဲ့သော်လည်း မန္တလေး၊ နေပြည်တော်၊ ပဲခူးနှင့်ရန်ကုန်ဈေးကွက်များ၌ တစ်တင်းလျှင် ၈၀၀ ကျပ်မှ ၂၀၀၀ ကျပ်(၉.၈% မှ ၂၂.၂%) ခန့်အတွင်း ဈေးနှုန်းများ မြင့်တက်ကာ အချို့ဈေးကွက်များ၌ဈေးနှုန်း ပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။
- ဇူလိုင်လဒုတိယ (၁၅)ရက်အတွင်း စပါးဈေးနှုန်းမှာ အပြောင်း အလဲအနည်းငယ်သာရှိကြောင်းသိရှိရပါသည်။

### အစေ့ထုတ်ပြောင်း





❖ ဇူလိုင်လ ဒုတိယ (၁၅) ရက်၌ ဈေးကွက်အတွင်း အစေ့ထုတ် ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၅၈၃၉) ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်း လျှင် (၁၈၅၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်း ၊မန္တလေးနှင့်မကွေးဈေးကွက်တို့၌ တစ်တင်းလျှင် ၅၀၀ ကျပ် မှ၁၅၀၀ကျပ် (၂.၉% မှ ၉.၄%)ခန့် ဈေးနှုန်းလျော့ကျခဲ့ပြီး ကျန်ဈေးကွက်အများစုမှာ ဈေးနှုန်းပြောင်းလဲမှု မရှိဘဲတည်ငြိမ်လျက် ရှိပါသည်။ အစေ့ထုတ်ပြောင်း ဈေးနှုန်း အခြေအနေမှာ ထိုင်းနိုင်ငံသို့ ယခုနှစ်ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရှိနေပြီး တရုတ်သို့ တင်ပို့မှုလည်း ရှိနေရာ ယခုလက်ရှိအချိန်တွင် ဈေးနှုန်းအနည်းငယ် အေးနေသော်လည်း ပုံမှန်အရောင်းအဝယ်ရှိနေကြောင်း သိရှိရပါသည်။


# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ


- ဇူလိုင်လဒုတိယ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၆၁၂၁၇) ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၇၃၀၀၀) ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါကစစ်ကိုင်းနှင့်မကွေးဈေးကွက်တွင်သာတစ်တင်းလျှင် ၃၀၀၀ကျပ်မှ၁၃၀၀၀ကျပ် (၅% မှ၂၃.၆%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မန္တလေးနှင့်တနင်္သာရီ ဈေးကွက်များတွင် တစ်တင်းလျှင် ၂၅၀၀ကျပ်မှ ၁၁၉၀၀ကျပ် (၃.၅% မှ ၁၉.၄%)ခန့်ဈေးနှုန်းလျော့ကျလျက်ရှိပြီး ကျန်ဈေးကွက်အများစု၌ ဈေးနှုန်းပြောင်းလဲမှုမတွေ့ရှိရပါ။
- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း မြေပဲ(အခွံပါ) ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၉၃၈၂)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၂၅၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မကွေးနှင့် ပဲခူးဈေးကွက်များ၌ တစ်တင်း လျှင် ၁၀၀၀ ကျပ်မှ ၉၀၀၀ ကျပ(၇.၁%မှ၅၆.၂၅%) ခန့် ဈေးနှုန်းမြင့်တက်သွားပြီး မန္တလေးဈေးကွက်တွင် တစ်တင်းလျှင် ၁၇၀၀ကျပ် (၇.၇% ) လျော့ကျခဲ့ပါသည်။ ကျန်ဈေးကွက်အများစု၌ ဈေးနှုန်းတည်ငြိမ် လျက်ရှိပါသည်။
- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း နေကြာတစ်တင်းပျမ်းမျှဈေးနှုန်းအနေဖြင့် (၂၈၇၅၀)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင်(၃၈၀၀၀) ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေးနှင့် စစ်ကိုင်းဈေးကွက်များတွင်သာ တစ် တင်းလျှင် ၁၀၀၀ကျပ် (၃.၅%) ခန့် ဈေးနှုန်းကျဆင်းသွားပြီး မကွေးနှင့်ပဲခူးဈေးကွက်တွင် ၃၀၀၀ကျပ်မှ ၁၃၀၀၀ကျပ် (၁၀.၃% မှ ၅၂%)ဈေးတက်ခဲ့ပြီးကျန်ဈေးကွက်များတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။




| ဈေးကွက်အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇူလိုင် ပထမ (၁၅)ရက် | ဇူလိုင် ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၅၀၀၀ | ၀ |
| ရန်ကုန် | ၂၂၄၀၀ | ၂၂၄၀၀ | ၀ |
| မန္တလေး | ၂၂၀၀၀ | ၂၀၃၀၀ | (-) ၇.၇၃ |
| မကွေး | ၁၄၀၀၀ | ၁၅၀၀၀ | ၇.၁၄ |
| ပဲခူး | ၁၆၀၀၀ | ၂၅၀၀၀ | ၅၆.၂၅ |
| စစ်ကိုင်း | ၁၈၀၀၀ | ၁၈၀၀၀ | ၀ |
| ကချင် | ၂၄၀၀၀ | ၂၄၀၀၀ | ၀ |
| ကယား | ၁၈၀၀၀ | ၁၈၀၀၀ | ၀ |
| ကရင် | ၁၅၅၀၀ | ၁၅၅၀၀ | ၀ |
| ရခိုင် | ၁၆၀၀၀ | ၁၆၀၀၀ | ၀ |
| ရှမ်း | ၁၄၀၀၀ | ၁၄၀၀၀ | ၀ |



# ပဲမျိုးစုံ ဈေးကွက်





## မတ်ပဲ

| | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇူလိုင်လ ပထမ (၁၅)ရက် | ဇူလိုင်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၀၀၀၀ | ၅၀၀၀၀ | ၀ |
| ရန်ကုန် | ၆၆၀၀၀ | ၆၆၀၀၀ | ၀ |
| မန္တလေး | ၅၁၀၀၀ | ၅၂၀၀၀ | (+)၁.၉၆ |
| မကွေး | ၄၃၀၀၀ | ၄၃၀၀၀ | ၀ |
| ပဲခူး | ၅၅၀၀၀ | ၅၅၀၀၀ | ၀ |
| စစ်ကိုင်း | ၄၈၀၀၀ | ၅၃၀၀၀ | (+)၁၀.၄၂ |
| ဧရာဝတီ | ၅၂၀၀၀ | ၅၂၀၀၀ | ၀ |
| တနင်္သာရီ | ၅၄၀၀၀ | ၅၅၀၀၀ | (+)၁.၈၅ |
| ကချင် | ၅၄၀၀၀ | ၅၄၀၀၀ | ၀ |
| ကရင် | ၃၆၀၀၀ | ၃၅၅၀၀ | (-)၁.၃၉ |
| မွန် | ၅၂၀၀၀ | ၅၅၆၀၀ | (+)၆.၉၂ |
| ရခိုင် | ၃၆၀၀၀ | ၅၅၀၀၀ | (+)၅၂.၇၈ |
| ရှမ်း | ၅၅၆၀၀ | ၅၅၆၀၀ | ၀ |

## ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲပုပ်


- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ပဲတီစိမ်းတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ(၄၇၆၅၄)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၀၀၀၀)ကျပ် ရှိနေပါသည်။ ဇူလိုင်လပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မကွေးနှင့်တနင်္သာရီဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ ကျပ်မှ ၂၀၀၀ ကျပ် (၂.၃% မှ ၄.၃%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲတည်ငြိမ်လျက်ရှိပါသည်။
- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း မတ်ပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၂၀၀၈)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၆၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကရင် ဈေးကွက် တွင်သာတစ်တင်းလျှင် ၅၀၀ကျပ်(၁.၄%)ကျဆင်းခဲ့ပြီး တနင်္သာရီ၊ မန္တလေး၊ မွန်နှင့် စစ်ကိုင်းဈေးကွက်များတွင်တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ ကျပ်(၁.၉% မှ၁၀.၄%)ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အခြားဈေးကွက်များတွင်ဈေးနှုန်းတည်ငြိမ်နေပါသည်။
- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ပဲစဉ်းငုံတစ်တင်းပျမ်းမျှ ဈေးနှုန်းမှာ (၄၄၀၀၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၄၇၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်နှင့် နှိုင်းယှဉ်လျှင် မကွေးဈေးကွက်တွင် တစ်တင်းလျှင် ၁၀၀၀ ကျပ် (၂.၄%)ခန့် ဈေးနှုန်း မြင့်တက်လာပြီး ကရင်ဈေးကွက်တွင် တစ်တင်းလျှင် ၅၀၀ ကျပ် (၁.၃၂% )ခန့် ဈေးနှုန်းလျော့ကျသွားပြီး ဈေးကွက်အများစုတွင်တွင်ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ပဲစဉ်းငုံ





## ပဲပုပ်

- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ပဲပုပ်တစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၂၇၅) ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၂၅၀၀)ကျပ်ရှိပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက ရှမ်းနှင့်မန္တလေးဈေးကွက်တို့တွင် ၅၀၀ ကျပ်မှ ၁၄၅၀၀ကျပ်(၁%မှ ၃၀%) ဈေးတက်ခဲ့ပြီးကျန်ဈေးကွက်များတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။





## ကုလားပဲ

- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ကုလားပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၀၉၅၅)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၉၀၀၀)ကျပ် ရှိနေပါသည်။ ဇူလိုင်လပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ရန်ကုန်၊ မန္တလေး၊ တနင်္သာရီနှင့် စစ်ကိုင်းဈေးကွက်၌ တစ်တင်းလျှင် ၁၀၀၀ကျပ် မှ ၆၀၀၀ကျပ် (၁.၅% မှ ၁၂.၂%) ခန့်ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်အများစုတွင် ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့ပါ။




# စက်မှုကုန်ကြမ်းသီးနှံ


## ဝါ(ချည်မျှင်ရှည်)




- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၄၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၂၂၂၀)ကျပ် ရှိနေပါသည်။ ဇူလိုင်လအထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဝါတစ်ပိဿာဈေးနှုန်းသည် စစ်ကိုင်း၊ ပဲခူးနှင့် နေပြည်တော် ဈေးကွက်တွင် (၁၀၀ မှ ၃၀၀)ကျပ် ခန့် ဈေးနှုန်းမြင့်တက်လာပါသည်။ မကွေးနှင့် မန္တလေးတွင် ဝါတစ်ပိဿာ ၁၀၀ကျပ် ဈေးနှုန်းကျခဲ့ပါသည်။

## ချက်ကြဲ

- ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ချက်ကြဲတစ်တန် ပျမ်းမျှဈေးနှုန်းသည် (၅၄၂၅၀)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံး (၆၃၀၀၀)ကျပ်နှင့် အနိမ့်ဆုံးဈေး (၄၅၀၀၀) ကျပ်ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကရင်၊ ပဲခူးနှင့် မန္တလေးဈေးကွက်များ၌ တစ်တန်လျှင်(၅၀၀ မှ ၂၁၀၀၀)ကျပ် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်း ဈေးကွက်၌သာ တစ်တန်လျှင် (၃၀၀၀)ကျပ် ဈေးနှုန်းလျော့ကျလျက်ရှိပြီး ကျန်ဒေသများတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




## ရော်ဘာ


**ဇူလိုင်လ ပထမ(၁၅)ရက်နှင့် ဇူလိုင်လ ဒုတိယ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ ဈေးနှုန်း နှိုင်းယှဉ်မှုအခြေအနေ**

| ဈေးကွက်အမည် | ရော်ဘာဈေးနှုန်း (ကျပ်/ပေါင်) | | |
|---|---|---|---|
| | ဇူလိုင်လ ပထမ (၁၅)ရက် | ဇူလိုင်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| မွန် | ၁၃၇၃ | ၁၁၉၄ | (-)၁၅.၀၀ |
| ကရင် | ၁၀၇၅ | ၁၀၇၅ | ၀ |
| တနင်္သာရီ | ၁၃၃၈ | ၁၃၅၅ | (+)၁.၀၀ |

Source: Perennial Crops Division, DoA

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ





❖ ဇူလိုင်လ ဒုတိယ (၁၅) ရက် အတွင်း ကြက် သွန် နီ တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ (၂၂၀၇)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၃၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေး ကွက်အများစုတွင် တစ်ပိဿာလျှင်၂၀၀ကျပ် မှ ၁၄၀၀ ကျပ် (၈.၇% မှ ၈၇.၅%)ထိ ဈေးနှုန်း မြင့်တက်ခဲ့ပါသည်။ ပဲခူးဈေးကွက်တွင်သာ တစ်ပိဿာ (၅၀၀) ကျပ် ဈေးလျော့ကျခဲ့ပြီး ကျန်ဈေးကွက်အချို့တွင်ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်းတွေ့ရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဇူလိုင်လ ပထမ (၁၅)ရက် | ဇူလိုင်လ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၄၀၀ | ၆၀၀၀ | ၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | ၀ |
| မကွေး | ၃၈၀၀ | ၄၂၀၀ | (+)၁၀.၅၃ |
| ပဲခူး | ၅၀၀၀ | ၆၀၀၀ | (+)၄၂.၈၆ |
| စစ်ကိုင်း | ၂၉၀၀ | ၃၂၀၀ | (-)၂၀.၀၀ |
| ဧရာဝတီ | ၅၀၀၀ | ၃၅၀၀ | ၀ |
| တနင်္သာရီ | ၅၅၀၀ | ၅၅၀၀ | (-)၈.၃၃ |
| ကချင် | ၅၀၀၀ | ၄၀၀၀ | (-)၂၀.၀၀ |
| ကယား | ၄၅၀၀ | ၄၅၀၀ | ၀ |
| ကရင် | ၅၅၀၀ | ၅၅၀၀ | ၀ |
| မွန် | ၄၀၀၀ | ၄၀၀၀ | (+)၈.၁၁ |
| ရခိုင် | ၅၂၀၀ | ၄၈၀၀ | ၀ |
| ရှမ်း | ၄၈၀၀ | ၄၀၀၀ | ၀ |


❖ ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ(၄၃၅၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မွန်၊ မကွေးနှင့် ပဲခူး ဈေးကွက်များ၌တစ်ပိဿာလျှင် ၃၀၀ကျပ်မှ ၁၈၀၀ကျပ် (၈%မှ ၄၃%)ခန့်ဈေးနှုန်း မြင့်တက်ခဲ့ပြီး တနင်္သာရီ၊ စစ်ကိုင်း၊ ကချင်နှင့် ရခိုင်ဈေးကွက်များတွင်တစ်ပိဿာ ၅၀၀ ကျပ်မှ ၂၈၀၀ကျပ် (၈% မှ ၅၈%)အတွင်း ဈေးနှုန်းလျော့ကျခဲ့ပါသည်။ အချို့ဈေးကွက်အနည်းငယ်တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်





❖ ဇူလိုင်လဒုတိယ(၁၅) ရက် အတွင်း ခရမ်းချဉ်တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ(၁၅၉၃)ကျပ် ဖြစ်ပါသည်။ ယခင်(၁၅) ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေး၊ မွန်နှင့် ရှမ်း ဈေးကွက်များတွင်(၂၀၀)ကျပ်မှ(၆၀၀)ကျပ်ခန့် ဈေးနှုန်း ကျသွားပြီး ဈေးကွက်အများစုတွင် တစ်ပိဿာလျှင် ၂၀၀ ကျပ် မှ ၆၀၀ ကျပ်အတွင်း ဈေးနှုန်း မြင့်တက် လျက်ရှိပါသည်။ ကျန်ဈေးကွက်အချို့တွင် ဈေးနှုန်း တည်ငြိမ်နေပါသည်။

## ငရုတ်(အစို)




❖ ဇူလိုင်လဒုတိယ(၁၅)ရက်၌ ငရုတ်(အစို)ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၄၉၉၃)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင် (၁၀၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တနင်္သာရီဈေးကွက်၌သာ တစ်ပိဿာလျှင် ကျပ်၅၀၀ (၈.၃%)ခန့် ဈေးနှုန်းကျဆင်းခဲ့ပါသည်။ ဈေးကွက်အများစုတို့၌ တစ်ပိဿာလျှင်(၄၀၀)ကျပ် မှ (၇၅၀၀) ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှု မရှိသည်ကိုတွေ့ရှိရပါ သည်။

## ငရုတ်(အခြောက်)




❖ ဇူလိုင်လဒုတိယ(၁၅)ရက်အတွင်း ငရုတ်(အခြောက်) ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၈၂၀၀)ကျပ် ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့်(၁၂၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါကမကွေးနှင့် ရခိုင် ဈေးကွက်တို့၌ တစ်ပိဿာလျှင် ၂၀၀ ကျပ်မှ ၂၂၀၀ကျပ် (၃.၉%မှ၄၆.၈%)ဈေးနှုန်းကျဆင်းခဲ့ပြီး ဈေးကွက်အများ စု တွင်တစ်ပိဿာလျှင်၄၀၀ကျပ်မှ၅၅၀၀ကျပ် (၅.၅%မှ ၈၄.၆%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ဈေးကွက် အချို့၌ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ ခုနှစ်၊ ဇူလိုင် ဒုတိယ (၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၈၀၀၀ | ၄၀၀၀၀ | ၂၂၀၀၀ | ၁၅၀၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | - |
| ငါးမြင်း | ။ | ၇၀၀၀ | - | - | - |
| ငါးတန် | ။ | ၉၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ။ | ၁၃၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၄၀၀၀ |
| ငါးကျည်း | ။ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၂၀၀၀ | ၁၃၀၀၀ | - | ၁၀၀၀၀ |
| ကကတစ် | ။ | ၂၀၀၀၀ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| တီလားပီးယား | ။ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ။ | ၃၂၀၀၀ | ၃၀၀၀၀ | - | ၁၀၀၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၁၀၀၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၅၀၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၄၀၀၀၀ |
| ပုစွန်ရော့ | ။ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ပုစွန်ဆိတ် | ။ | ၇၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၉၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၁၀၀၀ | ၂၂၀၀၀ |
| ကဏန်းမာ | ။ | ၈၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၉၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၃၀၀၀ | ၈၀၀၀ | ၉၅၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ။ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ။ | ၁၃၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၄၀၀၀ |
| ဝက် | ။ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ။ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၈၀၀၀ |
| ဆိတ် | ။ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၁၈၀ | ၂၀၀ | ၁၈၀ | ၂၅၀ |
| ဘဲဥ | ။ | ၁၉၀ | ၂၅၀ | ၂၀၀ | ၂၅၀ |
| ငုံးဥ | ။ | ၃၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန





# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

# ပြည်တွင်းသတင်းများ

## ပထမသုံးလပတ်အတွင်း မြန်မာ့အိမ်နီးချင်းနိုင်ငံများအကြား ထိုင်းနိုင်ငံသည် ကုန်သွယ်ဖက်အမြင့်ဆုံးနိုင်ငံအဖြစ် တည်ရှိနေခြင်း

❖ လက်ရှိ (၂၀၂၂-၂၀၂၃)ဘဏ္ဍာနှစ် ပထမသုံးလပတ်တွင် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံကြား အမြင့်မားဆုံး ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ (၁.၃၁၅) ဘီလီယံ ပမာဏထိရှိသည်ဟု မြန်မာ့အကောက်ခွန်ဦးစီးဌာန၏ စာရင်းအင်းအချက်အလက်များအရ သိရှိရကြောင်း၊

❖ ဧပြီလမှ ဇွန်လအတွင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ (၅၈၇) သန်း၊ ထိုင်းနိုင်ငံနှင့် အမေရိကန်ဒေါ်လာ (၁.၃)ဘီလီယံ၊ ဘင်္ဂလားဒေ့ရှ်နှင့် အမေရိကန်ဒေါ်လာ (၉.၃၅၈)သန်း၊ အိန္ဒိယနှင့် အမေရိကန်ဒေါ်လာ (၅.၃၇၇)သန်း အသီးသီး ရှိခဲ့ကြောင်း၊

❖ ယခင်သုံးလအတွင်း မြန်မာ့ကုန်သွယ်မှုကို ထိုင်းနိုင်ငံနှင့် အများဆုံးပြုလုပ်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်မှုဖြင့် တင်ပို့မှုသည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ (၉၁၆)သန်းရှိပြီး တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ (၃၉၈.၉)သန်းတန်ဖိုးရှိကြောင်း၊ ထို့အပြင် ဒေသတွင်းနိုင်ငံများအကြား ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံလည်း ဖြစ်ကြောင်း၊

❖ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့၊ ရေထွက်ပစ္စည်း၊ ကျောက်မီးသွေး၊ သံဖြူ၊ အုန်းသီး (အစိုနှင့်အခြောက်)၊ ပဲ၊ ပြောင်း၊ မှျစ်၊ နှမ်းစေ့၊ အဝတ်အထည်၊ ဖိနပ်၊ အထပ်သားများ၊ ဆန်ကွဲနှင့် အခြားကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ ကနဦးအနေဖြင့် တင်ပို့လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံဘက်မှလည်း စက်ယန္တရားကဲ့သို့သော ရင်းနှီးမြှုပ်နှံမည့် ကုန်ပစ္စည်းများ၊ ဘိလပ်မြေနှင့် ဓာတ်မြေဩဇာကဲ့သို့ စက်မှုကုန်ကြမ်းပစ္စည်းများ၊ အလှကုန်၊ စားသုံးနိုင်သည့် ဟင်းသီး ဟင်းရွက်ဆီများနှင့် စားသောက်ကုန်များကဲ့သို့သော လူသုံးကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိကြောင်း၊

❖ မြန်မာနိုင်ငံသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် တာချီလိတ်၊ မြဝတီ၊ မြိတ်၊ မော်တောင်၊ ထီးခီး၊ ကော့သောင်းနှင့် မယ်စဲ့ နယ်စပ်ဂိတ်အသီးသီးကို ဖြတ်၍ နယ်စပ်ကုန်သွယ်ရေးကို လုပ်ဆောင်လျက်ရှိကြောင်း၊ ၎င်းတို့အနက် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးတွင် အကြီးဆုံးကုန်သွယ်ရေးစခန်းဖြစ်ပြီး ၎င်းနောက်တွင် ထီးခီး နယ်စပ်ကုန်သွယ်ရေးစခန်းတည်ရှိနေကြောင်းကို (၁၄.၇.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဦးဖုန်းမြတ်ဝင်းမောင်မောင်၊စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/thailand-remains-top-trade-partner-among-neighbouring-countries-in-q1/#article-title

★

## ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံသို့ အလားအလာရှိသော စိုက်ပျိုးရေး ထုတ်ကုန်များတင်ပို့မှု တိုးမြင့်

➢ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အာဆီယံနှစ်နိုင်ငံအကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး အားကောင်းစေရန်အတွက် မြန်မာနိုင်ငံသို့ အလားအလာရှိသော စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့နိုင်ရေး မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊

➢ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Thit Linn Ohn နှင့် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Pan Sorasak တို့မှ ဇူလိုင်လ (၁၄) ရက်နေ့ တွေ့ဆုံရာတွင် ကမ္ဘောဒီးယားနိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ အလားအလာရှိသော လယ်ယာထွက်ကုန်များ တင်သွင်းမှုမြှင့်တင်နိုင်ခြေကို ထည့်သွင်းစဉ်းစားရန် တောင်းဆိုခဲ့ကြောင်း၊

➢ စိုက်ပျိုးရေးထွက်ကုန်များတွင် သရက်သီး၊ ငှက်ပျောသီး၊ ထောပတ်သီး၊ သီဟိုဠ်စေ့၊ ကန်စွန်းဥနှင့် ငရုတ်ကောင်း တို့ပါဝင်ကြောင်း၊

➢ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံတမန်မစ်ရှင် အကြီးအကဲက နှစ်နိုင်ငံအကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး ချဲ့ထွင်ရန် ကတိကဝတ်ပြုကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ အခွန်နှစ်ဆဆောင်မှု ရှောင်လွှဲခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ကာကွယ်ခြင်းတို့ အပါအဝင် အခြားသော အရေးကြီးသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းကို ထည့်သွင်းစဉ်းစားရန်လည်း၎င်းမှအလေးပေးပြောကြားခဲ့ကြောင်း၊

➢ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် (၂၀၂၀)ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၂၈.၂) သန်းအထိ ရောက်ရှိခဲ့ကြောင်း (၁၈.၇.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော khmertimeskh.com ကွန်ယက်၏ သတင်းဆောင်းပါးများအရ သိရှိရပါသည်။

ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.freshplaza.com/article/9445873/cambodia-increases-potential-agricultural-exports-to-myanmar/

★

## ကြက်သွန်နီဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်း

✓ ကြက်သွန်နီဈေးနှုန်းများ တနေ့တခြားမြင့်တက်လာနေကြောင်း လက်ကားဈေးကွက်မှ သိရှိရကြောင်း၊ ဇူလိုင်လ(၂၀)ရက်နေ့တွင် ရန်ကုန်ဈေးကွက် သို့ ကြက်သွန်နီ ပိဿာ (၂၇၀,၀၀၀)အား အမြင့်ဈေးဖြင့် ဝင်ရောက်ခဲ့ကြောင်း၊ ထိုနေ့တွင် ဆိပ်ဖြူ ကြက်သွန် တစ်ပိဿာလျှင် (၁၃၀၀-၁၅၅၀-၁၇၅၀-၁၈၅၀) ကျပ်နှင့် မုံရွာကြက်သွန်တစ်ပိဿာလျှင် (၁,၄၀၀-၁,၆၅၀-၁,၈၅၀-၁၉၅၀)ကျပ်၊ မြင်းခြံကြက်သွန်နီ တစ်ပိဿာ လျှင် ကျပ် (၁၄၀၀-၁၇၅၀-၁၈၅၀-၂၀၀၀) ကျပ်ဖြစ်ခဲ့ကြောင်း၊ ဇွန်လ ၂၄ ရက်မှ ဇူလိုင် ၁၆ ရက်အတွင်း ကြက်သွန်နီအကြီး တစ်ပိဿာလျှင် ကျပ် (၁,၇၀၀ မှ ၁,၈၀၀) သာရှိခဲ့ကြောင်း၊ ဇူလိုင် ၁၈ ရက်တွင် မုံရွာကြက်သွန်နီ တစ်ပိဿာလျှင် (၁,၄၀၀-၁,၆၅၀-၁,၈၀၀-၁,၉၅၀) ဖြင့်လည်းကောင်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် (၁,၂၅၀-၁,၅၅၀-၁,၆၅၀-၁,၇၅၀) ဖြင့်လည်းကောင်း၊ မြင်းခြံကြက်သွန်နီတစ်ပိဿာလျှင် ကျပ် (၁,၃၀၀-၁၆၀၀-၁,၇၅၀) ဖြင့်လည်းကောင်း အသီးသီး ဈေးတက်ခဲ့ကြောင်း၊

✓ (၂)ရက်အတွင်း တစ်ပိဿာလျှင် ကျပ် (၂၀၀) ခန့် မြင့်တက်လာကြောင်း၊ ဇူလိုင် (၁၆) ရက်တွင် မုံရွာကြက်သွန်တစ်ပိဿာလျှင် (၁,၃၅၀-၁,၆၅၀-၁,၇၅၀-၁,၈၅၀) ကျပ် ဖြင့်လည်းကောင်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာလျှင် (၁,၂၀၀- ၁,၄၅၀- ၁,၅၇၅- ၁,၇၀၀) ကျပ်ဖြင့်လည်းကောင်း၊ မြင်းခြံကြက်သွန် တစ်ပိဿာလျှင် (၁,၃၀၀-၁,၅၀၀-၁,၆၀၀-၁,၇၀၀) ကျပ်ဖြင့် လည်းကောင်း အသီးသီး ဈေးတက်ခဲ့ကြောင်း၊

✓ ဆိပ်ဖြူလက်ကားရုံတွင် ကြက်သွန်နီတစ်ပိဿာလျှင် အမြင့်ဆုံးဈေးမှာ တစ်ပိဿာလျှင် (၁,၃၀၀)ကျပ်သာရှိပြီး ဇူလိုင် ၁၆ ရက်တွင် တစ်ပိဿာလျှင် (၁,၅၀၀) ကျပ် ဈေးတက်ခဲ့ကြောင်း၊ ပခုက္ကူလက်ကားရုံတွင် ယောနယ်မှ ထွက်ရှိသော ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်(၁,၃၅၀)ရှိခဲ့ပြီး ဇူလိုင်လ ၁၉ ရက်နေ့တွင်(၁,၅၀၀) ကျပ် ဖြစ်ခဲ့ကြောင်း၊ ပုလဲနယ်မှထွက်ရှိသော ကြက်သွန်နီတစ်ပိဿလျှင် (၁,၅၂၅)ကျပ်မှ (၁,၆၂၅) ကျပ်သို့ မြင့်တက်လာခဲ့ကြောင်း၊

✓ (၂၀၂၂) ခုနှစ်တွင် ကြက်သွန်အထွက်နှုန်း ထက်ဝက်ကျဆင်း နိုင်ပြီး ကျေးလက်တွင် တစ်ပိဿာလျှင် ငွေကျပ် (၂,၀၀၀)ပေါက်ဈေး ရှိလိမ့်မည်ဟု ခန့်မှန်းကြကြောင်း၊

✓ ပခုက္ကူ လက်ကားဈေးကွက်တွင် (၂၀၂၂) ခုနှစ် ပထမခြောက်လအတွင်း ကြက်သွန်ပိဿာချိန် (၁၀.၃) သန်း ရရှိခဲ့ကြောင်း၊ နယ်ဒေသများတွင် ကြက်သွန် လက်ကျန်ပိဿာ (၄.၅) သန်းခန့် ကျန်ရှိမည်ဟု ကုန်သည်များမှ ပြောကြားခဲ့ကြောင်း၊

✓ ဘုရင့်နောင်ဈေးသို့ နေ့စဉ် ကြက်သွန်နီပိဿာတစ်သိန်းခန့် ဝင်ရောက်လျက်ရှိပြီး၊ လက်ကားအရောင်းဈေးဖွင့်လှစ်ပြီး (၂၅) ရက်အကြာတွင် ပိဿာ (၃) သန်းခန့် ဝင်ရောက်ခဲ့ကြောင်း၊

✓ (၂၀၂၂) ခုနှစ်၊ ပထမခြောက်လအတွင်း ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာ သန်း(၂၀)ခန့် ဝင်ရောက်ခဲ့ပြီး ထိုကာလအတွင်း (၂၀၂၂) ခုနှစ် ဇန်နဝါရီလတွင် ကြက်သွန်ပိဿာချိန် (၄.၂) သန်း နှင့် ဇွန်လတွင် ပိဿာ (၃.၆)သန်း ရောက်ရှိခဲ့ကြောင်း၊

✓ ဒုတိယခြောက်လတာကာလတွင် ပြည်တွင်းလက်ကျန်ပမာဏနည်းပါးလာပါက ဈေးချိုသော နိုင်ငံခြားကြက်သွန်နီများ ရန်ကုန်ဈေးကွက်ကို ဝင်ရောက်လာနိုင်ချေရှိကြောင်း၊ (၂၀၂၀)ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကြက်သွန်နီဈေးသည် တစ်ပိဿာလျှင် (၁,၀၀၀) ကျပ် အောက်ရှိခဲ့ကြောင်း၊ ကြက်သွန်နီတစ်ပိဿာလျှင် (၆၀၀-၇၀၀) ကျပ်ဖြင့် ကြက်သွန်နီကားများပေါ်မှ ဝယ်ယူခဲ့ကြကြောင်း ရန်ကုန်မြို့ရှိ အိမ်ရှင်မများကပြောပါကြောင်း

(၂၁.၇. ၂၀၂၂)ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာစောင်းပါးအရ သိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: (၂၁.၇.၂၀၂၂)ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာ

## မြန်မာ့ကော်ဖီစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅,၀၀၀) ရရှိ

- ပြည်တွင်းပြည်ပဝယ်လိုအား မြင့်တက်နေသည့် မြန်မာ့ကော်ဖီစေ့ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅,၀၀၀) အထိ မြင့်တက်ခဲ့ကြောင်း မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းအရ သိရှိရကြောင်း၊
- ပြည်ပဈေးကွက်များသို့ နှစ်စဉ် ကော်ဖီစေ့တန်ချိန် (၉,၀၀၀) အထက် တင်ပို့လျက်ရှိကြောင်း လက်ရှိကော်ဖီစေ့ ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄,၅၀၀) မှ (၅,၀၀၀) အတွင်းရှိသည်ဟု အဆိုပါ ကော်ဖီစိုက် ပျိုးထုတ်လုပ်သူများအသင်း၏ တာဝန်ရှိသူတစ်ဦးမှ ပြောကြားကြောင်း၊
- အရည်အသွေးမြင့်မားပြီး အော်ဂဲနစ်ထွက်ကုန်ဖြစ်သည့်အတွက် မြန်မာ့အထူးထုတ် ကော်ဖီစေ့များသည် ဝယ်လိုအား မြင့်မားလျက်ရှိကြောင်း၊ အထူးထုတ် ကော်ဖီသည် ဈေးနှုန်းလည်း အသင့်အတင့်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ပြည်တွင်းစားသုံးမှုကို ထိခိုက်မှု မရှိစေဘဲ ပြည်ပဈေးကွက်များသို့ ကော်ဖီစေ့များ တင်ပို့လျက်ရှိကြောင်းကို မြန်မာ့ကော်ဖီစိုက်ပျိုးထုတ် လုပ်သူများအသင်း၏ပြောကြားချက်အရ သိရှိရကြောင်း၊
- မြန်မာ့ကော်ဖီသည် နာမည်ကောင်း ရရှိနေပြီးဖြစ်ကြောင်း၊ ၎င်းသည် ဆွစ်ဇာလန်၊ တရုတ်တိုင်ပေ (ထိုင်ဝမ်) ၊ ထိုင်း၊ ယူအေအီး၊ UK ၊ ဟောင်ကောင် SAR၊ တရုတ်၊ ကိုရီးယား သမ္မတနိုင်ငံ၊ စင်ကာပူ၊ အင်္ဂလန်၊ ဂျာမနီ၊ ဩစတေးလျ၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့ရှိ ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြောင်း၊
- ပြီးခဲ့သည့်နှစ်တွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ဝယ်လိုအားကျဆင်းခဲ့ပြီး မြန်မာ့ကော်ဖီတင်ပို့မှုသည် ထက်ဝက်ကျဆင်းခဲ့ကြောင်း၊ လက်ရှိ၌ ဈေးကွက်သည် ပုံမှန်အတိုင်း လည်ပတ်လျက်ရှိပြီဖြစ်ကြောင်း၊
- ယခုနှစ်တွင် ကော်ဖီတင်ပို့မှုသည် အနည်းငယ်စောလျင်စွာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပုံမှန်အားဖြင့် နမူနာများ ယူပြီးနောက် ဇွန်လတွင် အရောင်းအဝယ်ဖြစ်ကြောင်း၊ ကုန်သည်များသည် ကော်ဖီစေ့များကို (၂၀၂၁) ဒီဇင်ဘာလကတည်းက ဝယ်ယူလျက်ရှိကြောင်း၊
- ယခုနှစ်တွင် ကော်ဖီအထွက်နှုန်းနှင့် ကော်ဖီတင်ပို့မှုများ တိုးတက်ခဲ့သည်ဟု မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ရှိ ကော်ဖီသုတေသန၊ သတင်းအချက်အလက်၊ တိုးချဲ့ပညာပေးရေးနှင့် လေ့ကျင့်ရေးစင်တာ၏ တာဝန်ရှိသူတစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မှ ထွက်ရှိသော အထူးထုတ် အရည်အသွေးကောင်းမွန်သော အာရေးဗီးကားကော်ဖီ တန်ချိန်(၅၀၀)ခန့်အား ပြည်ပနိုင်ငံ(၈)နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ USAID နှင့် Winrock International NGO ၏ အထောက်အပံ့ဖြင့် မြန်မာ့ကော်ဖီသည် အမေရိကန်နိုင်ငံတွင် ဈေးကွက်ရှယ်ယာတစ်ခုရရှိခဲ့ကြောင်း၊
- လက်ရှိတွင် အပြည်ပြည်ဆိုင်ရာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန်နှင့် ရောင်းဝယ်ရေးကွင်းဆက်တစ်ခုလုံး၊ တန်းဖိုးကွင်းဆက်နှင့်ဖြန့်ဖြူးရောင်းချရေးလမ်းကြောင်းများ (ထုတ်လုပ်မှု၊ ထုတ်ပိုးမှု၊ ကုန်သွယ်မှု၊ ဆွဲဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားဈေးကွက် ချိတ်ဆက်မှု) ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဗဟိုကော်ဖီအဖွဲ့ (coffee central group) တစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်အတူ အားထုတ်ကြိုးပမ်းလျက်ရှိကြောင်း၊
- အဆိုပါ ဗဟိုကော်မတီတွင် မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဥက္ကဋ္ဌ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်ကြောင်း၊
- ဗဟိုကော်မတီသည် ကော်ဖီစိုက်ဧကများ တိုးလာစေခြင်း၊ အရည် အသွေးမီသော ကော်ဖီမျိုးစေ့များ အသုံးပြုနိုင်ခြင်း၊ ကော်ဖီအထွက်နှုန်းတိုးလာစေခြင်း၊ အထူးထုတ်ကော်ဖီများ ထုတ်လုပ်ခြင်းနှင့် နိုင်ငံခြားဈေးကွက်ချဲ့ထွင်ခြင်း စသည့်ရည်မှန်းချက်များကို ရရှိစေရန် ရည်ရွယ်ပါကြောင်း၊
- မြန်မာနိုင်ငံတွင် ကုန်းမြင့်ကော်ဖီ (Arabica) စိုက်ဧက (၄၀,၀၀၀) ရှိပြီး မြေနိမ့်ကော်ဖီ (Robusta) စိုက်ဧက (၁၀,၀၀၀) ခန့်ရှိပြီး စုစုပေါင်းစိုက်ဧက (၅၀,၀၀၀) ရှိကြောင်း၊ ရှမ်းပြည်နယ်တွင် ကော်ဖီစေ့ အဓိကစိုက်ပျိုးထုတ်လုပ်ပါကြောင်း၊ နှစ်စဉ်ကော်ဖီစေ့အထွက်နှုန်းမှာ တန်ချိန် (၉,၀၀၀) အထက်တွင်ရှိကြောင်း၊
- ကော်ဖီစေ့များကို ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလအကြားတွင် ခူးဆွတ်ကြောင်း၊ခူးဆွတ်ပြီးနောက်တွင် ၎င်းတို့ကို တစ်နှစ်ပတ်လုံး ဖြန့်ဖြူးရောင်းချ တင်ပို့လျက်ရှိကြောင်း (၁၉-၇-၂၀၂၂)ရက်နေ့တွက် ထုတ်ပြန်ခဲ့သော www.gnlm.com.mm ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/myanmar-coffee-beans-fetch-5000-per-tonne/

# ပြည်ပသတင်းများ

## အိန္ဒိယဝါတင်သွင်းမှု မြင့်တက်လာစေရန် အစိုးရမှ အခွန်လွတ်တင်သွင်းမှု သတ်မှတ်ရက်ကို ထပ်မံတိုးမြှင့်လိုက်ခြင်း

- အိန္ဒိယနိုင်ငံသည် အခွန်ပေးဆောင်ရန်မလိုဘဲ ဝါဂွမ်းတင်သွင်းခွင့်ကို (၂၀၂၂)ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့သတ်မှတ်ထားသော်လည်း ယခုအခါ အောက်တိုဘာလ(၃၁) ရက်နေ့ထိသက်တမ်းတိုးမြှင့်လိုက်ကြောင်း၊
- ကမ္ဘာ့ဈေးကွက်တွင် ဝါဈေးနှုန်းများ သိသိသာသာကျဆင်းမှုများ ရှိနေသောကြောင့် ထိုကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် ဝါတင်သွင်းမှုမြင့်တက်လာစေရန် မျှော်မှန်းထားကြောင်း၊ သို့သော် ကျွမ်းကျင်သူများနှင့် အထည်အလိပ်လုပ်ငန်း အသိုင်းအဝိုင်းမှ ၎င်းသည်ယာယီကုစားခြင်းသာဖြစ်သည်ဟု ယူဆထားကြောင်း၊
- ဝါထုတ်လုပ်မှုကျဆင်းခြင်းနှင့် ကမ္ဘာ့ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ပြည်တွင်းဈေးနှုန်းများ အမြင့်ဆုံးမြင့်တက်ပြီးနောက် အိန္ဒိယအစိုးရသည် ယခုနှစ် ဧပြီလတွင် အခွန်လွတ် တင်သွင်းခွင့်ကို ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊
- ကမ္ဘာ့ဝါဈေးနှုန်းသည် ပြည်တွင်းဈေးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း ကျဆင်းလာသောကြောင့် အိန္ဒိယနိုင်ငံရှိ အထည်လိပ်လုပ်ငန်းသည် အစိုးရ၏ နောက်ဆုံးဆုံးဖြတ်မည့် မူဝါဒအပေါ်မူတည်ပြီး သက်သာရာရနိုင်ရန် မျှော်မှန်းထားကြောင်း၊
- ပြည်တွင်းဝါဈေးနှုန်းသည် (၃၅၆)ကီလိုဂရမ်လျှင် ရူပီး (၈၀,၀၀၀) မှ (၉၀,၀၀၀)ခန့် ကျဆင်းသွားကြောင်း၊ ဈေးနှုန်းကွာဟမှုကို နောက်လများတွင် ဆက်လက်ထိန်းချုပ်ထားပါက ဝါတင်သွင်းမှု မြင့်တက်လာမည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်တွင် ဝါဂွမ်းရရှိနိုင်မှုကို မြင့်တက် စေမည်ဖြစ်ကြောင်း၊
- ကမ္ဘာ့ဈေးနှုန်းများ ဆက်တိုက်ကျဆင်းခြင်းကြောင့် ဈေးကွက်ဖိအားများခံစားရပြီး ပြည်တွင်းချည် ဈေးနှုန်းများ အတိုင်းအတာတစ်ခုအထိ ကျဆင်းသွားခဲ့ကြောင်း၊ သို့သော်ရရှိနိုင်မှုနည်းပါးသောကြောင့်ဈေးနှုန်းများကျဆင်းသွားခြင်းကိုကန့်သတ်ထားနိုင်ကြောင်း၊ အကောက်ခွန်မဲ့သွင်းကုန်များ တိုးလာပါက ပြည်တွင်းဈေးနှုန်းများ ပိုမိုဖိအားပေးခံရနိုင်ကြောင်း၊
- သို့သော်လည်း ကျွမ်းကျင်သူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များကမူ အစိုးရမှသွင်းကုန်ခွန်ကိုအမြဲတမ်းဖယ်ရှားခြင်းမဟုတ်ဘဲ တစ်လအခွန်လွတ် သွင်းကုန်သက်တမ်းတိုးခြင်းသည် ယာယီသက်သာရာရခြင်းဖြစ်သည်ဟု ယူဆကြကြောင်း၊
- အစောပိုင်းတွင် အထည်အလိပ်လုပ်ငန်း ကိုယ်စားလှယ်များသည် အထည်အလိပ်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal အား (၂၀၂၂)ခုနှစ်၊ ဒီဇင်ဘာလအထိ အခွန်လွတ်တင်သွင်းမှုကို သက်တမ်းတိုးပေးရန် တိုက်တွန်းခဲ့ကြောင်း၊ သို့သော် လိုအပ်မှသာ အခွန်ကင်းလွတ်ခွင့်ကို သက်တမ်းတိုးရန် အစိုးရမှ သဘောတူထားပါကြောင်း၊
- ထိုသို့သော ချဉ်းကပ်မှုသည် ကုန်ထုတ်လုပ်မှုအပိုင်းများကို ရေရှည်အတွက်စီမံခန့်ခွဲရန် အထောက်အကူ မပြုကြောင်း စက်မှုသတင်းအရင်းအမြစ်များမှ ပြောကြားကြောင်း (၆.၇.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://www.fibre2fashion.com/ ကွန်ယက်၏ သတင်း အချက်အလက် များအရ သိရှိရပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.fibre2fashion.com/news/textile-news/india-s-cotton-imports-to-rise-as-govt-extends-duty-free-deadline-281756-newsdetails.htm

## ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများကြောင့် ရော်ဘာဈေးကွက် ကျဆင်းလျက်ရှိခြင်း

♣ ကမ္ဘာ့စီးပွားရေးအလားအလာအပေါ် အဟန့်အတားများများလာပြီးနောက် မလေးရှား ဒေသတွင်း ကြိုရောင်း

ကြို၀ယ်ရော်ဘာဈေးကွက်သည် ကျဆင်းသွားကြောင်း ကုန်သည်တစ်ဦး ၏ ပြောကြားချက်အရ သိရှိရကြောင်း၊

- သို့သော်လည်း ရေနံစိမ်းဈေးနှုန်း အနည်းငယ်ပြန်လည်မြင့်တက်လာခြင်း၊ ပြည်တွင်း သဘာဝရော်ဘာ (NR) ထုတ်လုပ်မှုကျဆင်းခြင်းနှင့် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ရင်းဂစ်တန်ဖိုး ကျဆင်းခြင်းတို့ကြောင့် ဆုံးရှုံးမှုများ ပိုမိုများပြားလာကြောင်း သိရှိရကြောင်း၊
- မလေးရှားနိုင်ငံ စာရင်းအင်းဌာန၏ အစီရင်ခံစာအရ မလေးရှားနိုင်ငံ၏ သဘာဝ ရော်ဘာ(NR) ထုတ်လုပ်မှုသည် (၂၀၂၂) ခုနှစ် ဧပြီလ၏ တန်ချိန် (၂၂,၄၉၈)နှင့် နှိုင်းယှဉ်ပါက မေလတွင် (၂၁,၀၇၃)တန် (၆.၃) ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း၊ တစ်နှစ်နှင့်တစ်နှစ် နှိုင်းယှဉ်ကြည့်လျှင်(၂၀၂၁)ခုနှစ်မေလထုတ်လုပ်မှု (၂၈၁၆၄) တန်မှ (၂၅.၂)ရာခိုင်နှုန်း လျော့ကျသွားကြောင်း၊
- မေလတွင် မလေးရှားနိုင်ငံမှ သဘာဝရော်ဘာ တင်ပို့မှုပမာဏမှာ(၄၃,၁၉၇)တန်ရှိပြီး ဧပြီလတင်ပို့မှု (၅၈၅၉၆) တန်မှ (၂၆.၃)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံ သဘာဝရော်ဘာတင်ပို့မှု၏ အဓိကဦးတည်ရာနေရာအဖြစ် ရပ်တည်ခဲ့ပြီး မေလတွင် စုစုပေါင်းတင်ပို့မှု၏ (၄၄.၆)ရာခိုင်နှုန်းရှိခဲ့ပြီးအမေရိကန်၊ တူရကီ၊ ဘရာဇီးနှင့် ဖင်လန်နိုင်ငံတို့သို့လည်း တင်ပို့လျက်ရှိကြောင်း၊
- မလေးရှားရော်ဘာဘုတ်အဖွဲ့ (MRB) ၏ Standard Malaysian Rubber 20 (SMR 20) ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် (၁၆) sen နှုန်းဖြင့် (၆၇၃.၅) sen သို့ ကျဆင်းသွားခဲ့ပြီး Latex-in-bulk သည် တစ်ကီလိုဂရမ်တွင် (၆.၅) sen နှုန်းဖြင့် (၅၁၄.၅) sen သို့ ကျဆင်းသွားခဲ့ကြောင်း (၁၅.၇.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော https://www.thestar.com.my/ ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.thestar.com.my/business/business-news/2022/07/15/rubber-market-extends-downtrend-on-global-economic-outlook-worrieshttps://cdn.myanmarseo.com/file/client-cdn/gnlm/wp-content/uploads/2022/07/17_July_22_gnlm.pdf

★

## ထိုင်းနိုင်ငံမှ အနံ့မပြင်းသော ဒူးရင်းသီး အမျိုးအစားသစ်ကို မိတ်ဆက်လာခြင်း

- ထိုင်းနိုင်ငံတွင် ပြီးခဲ့သည့်အပတ်က ကျင်းပသော ဒူးရင်းပွဲတော်တွင် အနံ့အသက်မရှိသော ပတ်ချောင်-ခေါင်ယိုင်အမျိုးအစားကို ပထဝီဝင်အနေအထားအရ အသိအမှတ်ပြုခြင်းခံခဲ့ရကြောင်း၊ ထိုင်းနိုင်ငံသည် ကမ္ဘာ့ပေါ်တွင် ဒူးရင်းသီးတင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ် တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်တက်လာချိန်တွင်စုစုပေါင်းအမေရိကန်ဒေါ်လာ(၅)ဘီလီယံခန့် တင်ပို့ခဲ့ကြောင်း၊
- ဒူးရင်းသီးသည် ၎င်း၏ကောင်းမွန်သည့်အရသာနှင့် ဆိုးရွားသည့်အနံ့ကြောင့် ကမ္ဘာတစ်ဝှမ်းတွင် လူသိများကြောင်း၊ သို့သော် အနံ့အသက်ကိုမခံနိုင်သော စားသုံးသူများအတွက် လွန်ခဲ့သည့်အပတ်က ထိုင်းနိုင်ငံတွင် အနံ့အသက်မရှိသော အသီးတစ်မျိုးကို ထုတ်လုပ်ခဲ့ကာ စတင်မိတ်ဆက်ခဲ့ပြီဖြစ်ကြောင်း၊
- နိုင်ငံ၏ အရှေ့မြောက်ပိုင်း နခွန်ရတ်ချာစီမာ ပြည်နယ်တွင် စိုက်ပျိုးသည့် လူကြိုက်များသော မွန်ထောင်မျိုးကွဲ၏ ပတ်ချောင်-ခေါင်ယိုင်အမျိုးအစားကို ထိုင်းအာဏာပိုင်များမှ ပထဝီဝင်ဆိုင်ရာ အထောက်အထားလက်မှတ်( GI)ကို ပေးအပ်ထားကြောင်း၊
- Pak Chong ခရိုင်ရှိ ဒူးရင်းပွဲတော်တွင် ပြသခဲ့သည့် ဒူးရင်းသီးများသည် နူးညံ့ချိုမြိန်လတ်ဆတ်သော အရသာရှိကာ ပြင်းထန်သည့်အနံ့မရှိဟု စိုက်ပျိုးသူများမှ ပြောကြားခဲ့ကြောင်းကို (၁၉.၇.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် https://www.scmp.com/week-asia ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဦးဖုန်းမြတ်ဝင်းမောင်မောင်၊စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.scmp.com/week-asia-/lifestyle-culture/article/3185812/odour-able-thailand-introduces-new-non-stinky-variety

★

## ဗီယက်နမ်နိုင်ငံမှ လတ်ဆတ်သော လိုင်ချီးသီးများကို QuangNinh ပြည်နယ်ရှိ Mong Cai ဆိပ်ကမ်းမှ တရုတ်နိုင်ငံသို့ပထမအကြိမ်တင်ပို့ခဲ့ခြင်း

- ဇူလိုင်လ (၉) ရက်နေ့တွင် MongCai ဆိပ်ကမ်းမှတဆင့် လတ်ဆတ်သော ဗီယက်နမ် လိုက်ချီးသီးများကို တရုတ်နိုင်ငံသို့ ပထမအကြိမ် တင်ပို့ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၊ Quang Ninh ပြည်နယ်ရှိ Mong Cai အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း စီမံခန့်ခွဲမှုကော်မတီ၏ ဒါရိုက်တာဖြစ်သူ Chen Biyu မှ ဗီယက်နမ်မီဒီယာသို့ ထုတ်ဖော်ပြောကြားကြောင်း၊ MongCai အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့နိုင်မှုသည် ကောင်းမွန်သော ရလဒ်တစ်ခုဖြစ်ကြောင်း၊
- တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များ တင်သွင်းမှုကို မကြာသေးမီက ပြန်လည်စတင်ခဲ့ကြောင်း MongCai အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းစီမံခန့်ခွဲမှု ကော်မတီအရ သိရှိရကြောင်း၊ ဇူလိုင်လ (၉) ရက်နေ့တွင် ဗီယက်နမ်ဒေါင် သန်း(၆၀၀)နီးပါး တန်ဖိုးရှိသည့် လတ်ဆက်သောလိုက်ချီးသီး တန်ချိန်စုစုပေါင်း (၆၄.၇)တန်ကို ကုန်တင်ကား (၃)စီးဖြင့် Haian Km3+4 ယာယီ pontoon channel မှ တရုတ်နိုင်ငံသို့ ပထမဆုံးတင်ပို့ခဲ့ကြောင်း၊
- တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ အစီအမံများဆက်လက်လုပ်ဆောင်လျက်ရှိပြီး သွင်းကုန်နှင့် ပို့ကုန်များတင်ပို့မှုအတွက် လွယ်ကူချောမွေ့စေရန် customs clearance ကို တင်းတင်းကြပ်ကြပ် ကြပ်မတ်ထားသော်လည်း လိုင်ချီးတင်ပို့မှုများသည် ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးပို့ကုန်တင်ပို့မှုကို မြင့်တက်လာစေမည် ဖြစ်ကြောင်း၊ ၎င်းသည် MongCai ဈေးကွက်၏ သွင်းကုန်နှင့် ပို့ကုန်ကုန်သွယ်မှုအတွက် ကောင်းမွန်စေသောအရာတစ်ခုဖြစ်ပြီး ပြည်တွင်း customs clearance အတွက် သွင်းကုန်နှင့် ပို့ကုန်ပမာဏ တိုးမြှင့်လာစေရန် အထောက်အကူ ဖြစ်စေကြောင်း၊
- ယခုနှစ်ပထမနှစ်ဝက်တွင် MongCai ရှိ ဆိပ်ကမ်းအသီးသီး၏ ကုန်သွယ်ခဲ့သော ကုန်ပစ္စည်းပမာဏသည် တန်ချိန် (၂၇၀,၀၀၀) အထက်တွင်ရှိပြီး ကုန်စည်တင်သွင်းမှုပမာဏသည် အမေရိကန်ဒေါ်လာ (၁.၄)ဘီလီယံအထိ ရရှိခဲ့ကြောင်း၊ ၎င်းသည် လုပ်ငန်းသစ် (၁၂၈) ခုကို ဆွဲဆောင်နိုင်ခဲ့ပြီး သွင်းကုန်နှင့် ပို့ကုန်လုပ်ငန်း အရေအတွက်သည် (၄၅၅) ခုအထိ တိုးလာခဲ့ပါကြောင်း၊ နိုင်ငံ၏ ဝင်ငွေသည် ဗီယက်နမ်ဒေါင် (၅၅၈.၆၄) ဘီလီယံအထိရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၂၄.၁၄)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊
- ယခုနှစ်၏ ဒုတိယနှစ်ဝက်တွင် MongCai သည် သွင်းကုန်နှင့် ပို့ကုန်ကုန်ပစ္စည်းများ၏ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်ခိုင်မာစေရန်နှင့် ကိုဗစ်-၁၉ ထိန်းချုပ် ကာကွယ်ရေးအစီအမံများ ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်၍ တရုတ်နိုင်ငံရှိ Guangxi ပြည်နယ်၏ Dongxing မြူနီစီပယ်အစိုးရနှင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း(၁၂-၇-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော www.freshplaza.com ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.freshplaza.com/article/9443883/fresh-vietnamese-lychees-were-exported-to-china-from-mong-cai-port-in-quang- ninh-province-for-the-first-time/

★

## ယူကရိန်းနှင့် ရုရှားတို့မှ နှံစားသီးနှံ တင်ပို့မှု ပြန်လည်စတင်ရန် သဘောတူလိုက်ခြင်း

- ကုန်ဈေးနှုန်းမြင့်တက်မှုမှ ဖြစ်ပေါ်လာသော စားနပ်ရိက္ခာ အကျပ်အတည်းစိုးရိမ်မှုများကြောင့် ယူကရိန်းနှင့် ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များသည် နှံစားသီးနှံ တင်ပို့မှု ပြန်လည် စတင်ရန် သဘောတူညီချက် တစ်ရပ်ကို ကုလသမဂ္ဂမှ စေ့စပ်ညှိနှိုင်းပေးသည့် အစည်းအဝေးတစ်ခု၌သောကြာနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊
- အစ္စတန်ဘူလ်တွင် ကုလသမဂ္ဂနှင့် တူရကီအပါအဝင် (၄)နိုင်ငံတွေ့ဆုံမှုအတွင်း သဘောတူညီမှုရရှိခဲ့ပြီး ရုရှားမှယူကရိန်းကိုကျူးကျော်ပြီး ပင်လယ်နက်ကို ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ခဲ့ခြင်းကို အဆိုပါသဘောတူညီမှုမှ အန္တရာယ်ကင်းသော ပင်လယ်ရေကြောင်းလမ်းကြောင်းများကို အာမခံပေးမည်ဖြစ်ကြောင်း၊
- ယူကရိန်း၊ ရုရှား၊ တူရကီနှင့် ကုလသမဂ္ဂတို့မှ စီမံခန့်ခွဲမည့် ပူးတွဲညှိနှိုင်းရေးစင်တာကို တည်ထောင်ရန် ဆွေးနွေးပွဲတွင်ကိုယ်စားလှယ်များမှသဘောတူခဲ့ကြကြောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်နှင့်တူရကီသမ္မတရီဆက်ပ်တေယစ်အာဒိုဂန်တို့မှလည်းအဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း၊
- စင်တာသည် ယူကရိန်းဆိပ်ကမ်းများ၏ ဝင်ပေါက်များတွင် ဘေးကင်းစေရန်နှင့် တူရကီဆိပ်ကမ်းများမှ တစ်ဆင့် သွားလာနေသည့် သင်္ဘောများကို လက်နက်များ

စစ်ဆေးပေးမည်ဖြစ်ပြီး ရုရှားနှင့် ယူကရိန်းတို့သည် ပင်လယ်နက်ဖြတ်၍ သွားလာနေသည့် စီးပွားရေး သို့မဟုတ် ပုဂ္ဂလိကပိုင်သင်္ဘောများကို တိုက်ခိုက်ခြင်းမှ တားမြစ်ထားကြောင်း၊

- ယူကရိန်းသည် နံ့စားသီးနံ့တင်ပို့မှုတွင် ထိပ်တန်းနိုင်ငံဖြစ်သော်လည်း ရုရှား၏ ကျူးကျော်မှုကြောင့် ယင်းကဲ့သို့ တင်ပို့မှုကို (၅)လခန့်ပိတ်ဆို့ထားခဲ့ပြီး တနင်္ဂနွေနေ့တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း၊

ယူကရိန်းတွင် နံ့စားသီးနံ့တန်ချိန် (၂၂)သန်းကျော် စုပုံနေကြောင်း (၂၂.၇.၂၀၂၂) ရက်နေ့တွင်ထုတ်ပြန်ခဲ့သော https://english.kyodonews.net/kyodo_news ကွန်ယက်၏ သတင်း အချက်အလက်များအရသိရှိရပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source https://english.kyodonews.net/news/2022/07/681ea0ea12bb-ukraine-russia-agree-to-resume-grain-exports-amid-soaring-prices.html

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ဒုတိယ (၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ရွာဝတီ |
| မနောသုခ | ၃၇၀၀၀ | ၄၅၀၀၀ | ၃၈၀၀၀ | ၃၇၀၀၀ | ၃၄၀၀၀ |
| ဆင်းသုခ | ၃၇၀၀၀ | ၄၅၀၀၀ | ၄၂၅၀၀ | ၃၈၀၀၀ | ၃၄၀၀၀ |
| ရွာမင်း | ၄၂၀၀၀ | ၄၅၀၀၀ | ၅၃၀၀၀ | ၄၇၅၀၀ | ၃၅၀၀၀ |
| ပေါ်ဆန်း | ၇၀၀၀၀ | ၆၀၀၀၀ | ၇၆၀၀၀ | ၆၂၀၀၀ | ၅၃၀၀၀ |





## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ဒုတိယ (၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၁၀၀၀ | ၁၂၀၀၀ | ၁၀၇၅၀ | ၁၂၀၀၀ | ၁၁၀၀၀ |
| နှမ်းဆီ | ၁၀၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ |
| နေကြာဆီ | ၉၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၉၅၀၀ |
| စားအုန်းဆီ | ၇၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၇၅၀ |

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ဒုတိယ (၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေဩဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရွာဝတီ |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၉၃၀၀၀ | ၉၇၅၀၀ | ၉၁၈၀၀ | ၉၆၅၀၀ | ၉၆၈၀၀ |
| - ရွှေတောင် | ၈၇၀၀၀ | ၉၅၀၀၀ | ၈၉၀၀၀ | - | ၉၅၀၀၀ |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၀၀၀ | ၉၄၀၀၀ | ၉၈၀၀၀ | ၉၇၀၀၀ |
| - ရွှေနဂါး | ၉၀၀၀၀ | ၉၇၀၀၀ | ၈၅၅၀၀ | ၇၀၀၀၀ | ၉၉၀၀၀ |
| - ဝိစာရ | ၉၀၀၀၀ | ၉၀၀၀၀ | ၈၇၅၀၀ | - | ၉၇၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၉၈၀၀၀ | ၈၆၀၀၀ | ၉၂၀၀၀ | ၈၇၀၀၀ |
| - အာမို | ၉၀၀၀၀ | ၉၈၀၀၀ | ၈၂၅၀၀ | ၉၅၀၀၀ | ၉၀၀၀၀ |
| - ဩဘာ/ ကောမက် | ၈၇၀၀၀ | ၉၈၀၀၀ | ၈၅၀၀၀ | - | - |
| - ဝိစာရ | ၉၀၀၀၀ | ၉၃၀၀၀ | ၁၀၀၅၀၀ | - | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၈၇၅၀၀ | ၈၁၅၀၀ | ၇၃၅၀၀ | ၈၀၀၀၀ |
| - ဝိစာရ | - | ၈၅၀၀၀ | ၈၂၅၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၉၁၀၀၀ | ၉၃၀၀၀ | ၉၅၀၀၀ | ၈၂၀၀၀ |
| - ဩဘာ | - | ၉၁၀၀၀ | ၉၅၀၀၀ | - | - |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၉၀၀ | ၉၀၀၀၀ | ၉၈၀၀၀ | ၈၇၅၀၀ |
| - အာမို | ၁၁၆၀၀၀ | ၉၉၀၀၀ | ၉၄၇၀၀ | ၉၅၀၀၀ | ၈၇၅၀၀ |
| - ဝိစာရ | ၉၅၀၀၀ | ၉၃၀၀၀ | ၉၃၀၀၀ | - | ၈၆၀၀၀ |
| - ရွှေနဂါး | ၉၅၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | ၈၆၅၀၀ |
| - သံကွင်း | ၁၀၄၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ရွာဝတီ |
| မနောသုခ | ၁၅၀၀၀ | ၁၄၂၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ |
| ဆင်းသုခ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ |
| ရွာမင်း | ၁၆၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | - | - | ၁၆၀၀၀ | ၁၅၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ ၂၀၂၂ ခုနှစ် ဇွန်လ တတိယပတ်နှင့် ဇူလိုင်လ ပထမပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | ဇွန်လ တတိယပတ် | ဇူလိုင်လ ပထမပတ် | အတိုး/ အလျှော့ |
| မတ်ပဲ | US$ | ၆.၁၈၈ | ၇.၀၀၃ | (+)၀.၈၁၅ |
| | ကီလို | ၇၆၂၀.၈၁၅ | ၈၄၆၅.၄၉၈ | (+)၈၄၄.၆၈၃ |
| ပဲတီစိမ်း | US$ | ၁၄.၁၂၈ | ၁၃.၈၆၅ | (-)၀.၂၆၃ |
| | ကီလို | ၁၈၆၉၃.၀၄၉ | ၁၈၄၉၅.၁၆၆ | (-)၁၉၇.၈၈၃ |
| ပဲတီစိမ်းလုံးခြမ်း | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ပဲစဉ်းငုံ | US$ | ၀.၁၅၇ | ၀.၃၉ | (+)၀.၂၃၃ |
| | ကီလို | ၂၁၃.၅၁ | ၅၄၁.၁၅၃ | (+)၃၂၇.၆၄၃ |
| ကုလားပဲ | US$ | ၀.၆၇၅ | ၀.၈၁ | (+)၀.၁၃၅ |
| | ကီလို | ၁၀၁၆ | ၁၂၃၇.၀၈ | (+)၂၂၁.၀၈ |
| ပဲလွန်းဖြူ | US$ | ၀.၇၄၆ | ၀.၃၄၉ | (-)၀.၃၉၇ |
| | ကီလို | ၁၁၁၆.၁၇၈ | ၆၀၈.၀၅ | (-)၅၀၈.၁၂၈ |
| မြေထောက်ပဲ | US$ | ၁.၄၄၈ | ၀.၅၉၃ | (-)၀.၈၅၅ |
| | ကီလို | ၁၉၆၃.၅၃၈ | ၉၁၆.၈၄ | (-)၁၀၄၆.၆၉၈ |
| ထောပတ်ပဲ | US$ | ၁.၄၆၄ | ၀.၇၇၄ | (-)၀.၆၉ |
| | ကီလို | ၁၇၃၂.၄ | ၁၀၉၃.၆၁ | (-)၆၃၈.၇၉ |
| ပဲယင်း | US$ | ၁.၀၈၆ | ၀.၃၈၆ | (-)၀.၇ |
| | ကီလို | ၁၈၂၀.၄ | ၇၉၃.၈ | (-)၁၀၂၆.၆ |
| ပဲကြီး | US$ | ၀.၀၆၃ | ၀.၁၂၂ | (+)၀.၀၅၉ |
| | ကီလို | ၁၂၁ | ၁၇၀ | (+)၄၉ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၂၀၂ | ၀ | (-)၀.၂၀၂ |
| | ကီလို | ၃၆၁ | ၀ | (-)၃၆၁ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀ | ၀.၀၅၃ | (+)၀.၀၅၃ |
| | ကီလို | ၀ | ၈၄ | (+)၈၄ |
| ပဲဖြူကလေး | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| ဘိုကိတ်ပဲ | US$ | ၀ | ၀.၀၅၈ | (+)၀.၀၅၈ |
| | ကီလို | ၀ | ၇၀ | (+)၇၀ |
| ပဲနီကြား | US$ | ၀.၀၈၃ | ၀.၀၃၈ | (-)၀.၀၄၅ |
| | ကီလို | ၂၂၂.၉ | ၁၀၀.၅ | (-)၁၂၂.၄ |
| နိုင်လွန်ပဲ | US$ | ၀.၀၅၂ | ၀ | (-)၀.၀၅၂ |
| | ကီလို | ၆၉ | ၀ | (-)၆၉ |
| မြေပဲ (အခွံပါ) | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| မြေပဲဆံ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| အခြားပဲ | US$ | ၀.၀၀၂ | ၀.၀၀၁ | (-)၀.၀၀၁ |
| | ကီလို | ၀.၂၇ | ၀.၂၇ | ၀ |
| စုစုပေါင်း | US$ | ၂၆.၂၉၄ | ၂၄.၄၄ | (-)၁.၈၅၄ |
| | ကီလို | ၃၄၉၄၉.၉၆ | ၃၂၅၇၅.၉၆၇ | (-)၂၃၇၃.၉၉၃ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

**စိုက်ပျိုးရေးဈေးကွက်သတင်းလွှာ**
(Agriculture Market Bulletin)
Market Information System (MIS)
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ် ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ် သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။
ဖုန်း-၀၆၇ ၃၄၁၀၅၁၃၈,Email:doamisppme@gmail.com